Online စနစ်ဖြင့်တင်ဒါလျှောက်လွှာရောင်းချမည့်အစီအစဉ်

- တင်ဒါတင်သွင်းသူမှ တင်ဒါလျှောက်လွှာဝယ်ယူလိုပါက တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၏ ဖုန်းနံပါတ် 042-29275 သို့ ဆက်သွယ်စုံစမ်းပြီး ဌာန၏ K pay account သို့ တစ်စောင်အတွက် သတ်မှတ်တင်ဒါ လျှောက်လွှာကြေး ကျပ်တစ်သောင်းတိတိကို ပေးသွင်းရပါမည်။
- တင်ဒါလျှောက်လွှာကြေးပေးသွင်းပြီးပါက ကုမ္ပဏီ Letter Head ဖြင့် တာဝန်ခံအကြီးအကဲမှ လက်မှတ်ရေးထိုးထားသော တင်ဒါဝယ်ယူခွင့်တင်ပြစာကို အောက်ပါအချက်အလက်များကို ဖြည့်စွက်၍ ငွေပေးသွင်းပြီးကြောင်းအထောက်အထားနှင့်အတူ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၏ Viber ဖုန်းနံပါတ် 09-421049700 သို့ ဌာနမှ Register ပြုလုပ်နိုင်ရန် ပေးပို့ရပါမည်-
    - ကုမ္ပဏီအမည် ၊ ပိုင်ရှင်အမည် ၊ ရာထူး၊ ကုမ္ပဏီလိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ် ၊ Viber ဖုန်းနံပါတ်၊ Email လိပ်စာ၊ ပိုင်ရှင်လက်မှတ်
- တင်ဒါလျှောက်လွှာ၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ တည်နေရာပြပုံ၊ အဆောက်အဦး၏ ပုံစံများကို ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ တင်ဒါဝယ်ယူသူ၏ Email လိပ်စာသို့ ပေးပို့ မည်ဖြစ်ပြီး ဝယ်ယူသူမှ လက်ခံရရှိကြောင်းပြန်ကြား ပေးရမည်ဖြစ်ပါသည်။
- သက်ဆိုင်ရာဌာနတွင် တင်ဒါလျှောက်လွှာဝယ်ယူရန် Register ပြုလုပ်ထားခြင်းမရှိသော ကုမ္ပဏီများ ၊ သတ်မှတ်ပေးထားသော လျှောက်လွှာပုံစံမဟုတ်ဘဲ တရားမဝင်တုပခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်ထားသော တင်ဒါလျှောက်လွှာပုံစံများဖြင့် တင်ဒါလာရောက် လျှောက်ထားခြင်းအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
- သို့ဖြစ်ပါ၍ ရောင်းချမည့် တင်ဒါလျှောက်လွှာတွင် သက်ဆိုင်ရာဌာနအမှတ်တံဆိပ်ပါဝင်မည်ဖြစ်ပြီး လျှောက်လွှာအမှတ်စဉ် ၊ လျှောက်လွှာဝယ်ယူသည့် နေ့စွဲတို့အား Water Mark ဖြင့် ထည့်သွင်း ရိုက်နှိပ်ပြီး ရောင်းချပေးမည်ဖြစ်ပါသည်။။

Departament of Ethnic Rights, Director Office (Ayeyarwaddy Division)